ဗိုကိုလာရေလှုပ်ရှားမှု

အသက်ပေးသည့်
နှုတ်တော်ထွက်စကား

မတ်လ ၂၀၁၆

# "ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့အပေါ်ရောက်ရှိလေပြီ" (လုကာ၁၁း၂၀)

ယင်းကား သခင်ယေရှုခေတ်အခါက ဂျူးလူမျိုးတို့ရေးသားခဲ့သော ဘုရားသခင်၏နိုင်ငံတော် ရောက်ရှိမည့်အကြောင်းတည်း။ သခင်ယေရှုသည် မြို့ရွာအသီးသီးသို့ စတင်လှည့်လည်သည်နှင့်တစ်ပြိုင်နက် "ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့နှင့်နီးလာပြီ" ဟု ပြောဆိုကြရန် မိန့်တော်မူခဲ့ပါသည်(လုကာ၁၀း၉)။ ထို့နောက် 'ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့အပေါ် ရောက်ရှိလေပြီ'၊ "ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့အလယ်မှာ တည်လျက်ရှိသည်"(လုကာ၁၇း၂၁) ဟုမိန့်တော်မူခဲ့ပါသည်။ သခင်ယေရှု၏လူ့ဇာတိအားဖြင့် ဘုရားသခင်ကိုယ်တော်တိုင် သူ၏လူမျိုးတော်တို့အလယ်သို့ကြွလာတော်မူခဲ့ခြင်းဖြစ်ပြီး မမိုတ်မသုန်ခွန်အားအပြည့်ဖြင့် သူတို့အတွက်ပန်းတိုင်သို့အရောက်ပို့ဆောင်ပေးရန် သမိုင်းကြောင်းကို ထိန်းကြောင်းပေးခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုပြုသောအံ့ဖွယ်အမှုအရာများသည် ယင်းအတွက်အမှတ်လက္ခဏာပင်ဖြစ်ပေသည်။

ဤအသက်ပေးသည့်နှုတ်တော်ထွက်စကားမှ ကျမ်းချက်သည် သခင်ယေရှုက နတ်ဆိုး၏ထိန်းချုပ်မှုကြောင့် ဆွံ့အနေသောသူတစ်ဦးကို လွတ်မြောက်စေအောင်ကုသပေးခဲ့ခြင်းမှဖြစ်ပါသည်။ ယင်းကား သူသည် နတ်ဆိုးကို အောင်နိုင်ကြောင်း၊ မည်သည့်မကောင်းမှု နတ်ဆိုးကိုမဆို အောင်နိုင်လျက် အဆုံးတွင် ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်ကို တည်ထောင်မည်ဖြစ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

"ဘုရားသခင်၏နိုင်ငံတော်" ဆိုသည့်ဝေါဟာရသည် အစ္စရေးနယ်မြေအတွက် ဘုရားသခင်၏ဆောင်ရွက်ပေးခြင်း၊ ကျွန်ပြုခံရခြင်းနှင့် မကောင်းမှုမှန်သမျှမှ လွတ်မြောက်စေခြင်း၊ ၎င်းတို့အား တရားမျှတမှုနှင့် ငြိမ်းချမ်းခြင်းအတွက် လမ်းပြပို့ဆောင်ပေးခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ကောင်းကျိုးချမ်းသာတို့ဖြင့် ကြွယ်ဝစီးဆင်းစေခြင်းတို့နှင့်ပတ်သက်ပြီး ဂျူးလူမျိုးတို့ပြောဆိုလေ့ရှိသော အသုံးအနှုန်းဖြစ်သည်။ ယင်းကား ဘုရားသခင်၏လုပ်ဆောင်မှုအား သိမ်မွေ့နက်နဲသော၊ ချစ်ခြင်းမေတ္တာနှင့်သနားခြင်းကရုဏာဖြင့်ပြည့်ဝသော၊ သားသမီးတစ်ဦးစီတိုင်း၏လိုအပ်မှုနှင့် ဆင်းရဲဒုက္ခအပေါင်းကို ဂရုပြုတတ်သော "ဖခင်" အဖြစ် သခင်ယေရှုကဖော်ပြခဲ့ပါသည်။

ကျွန်ုပ်တို့သည်လည်း "ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့အပေါ်ရောက်ရှိလေပြီ" ဟူသော သခင်ယေရှု၏ကြေညာချက်ကို ကြားသိရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကိုကြည့်လိုက်လျှင် အကြမ်းဖက်မှု၊ အကျင့်ပျက်ခြစားမှု၊ အနိုင်ကျင့်လက်ဝါးကြီးအုပ်မှုစသည်တို့ဖြင့် ကမ္ဘာလောကကြီးတွင် မကောင်းမှုတို့က လွှမ်းမိုးနေသည့်သဘောကို မကြာခဏ ကြားသိတွေ့မြင်နေရသည်။ ထိုသို့သောအချိန်အခါမျိုးတွင် မလိုလားအပ်သောအင်အားစုများ၊ အန္တရာယ်ကြီးမားသောဖြစ်ရပ်များက ကျွန်ုပ်တို့ထက်ပင်အင်အားကြီးမားပါလားဟု ကိုယ့်ကိုယ်ကို ကရုဏာသက်မိသည်။ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ ပြင်းထန်လှသော ရာသီဥတုပြောင်းလဲမှုများ၊ ရွှေ့ပြောင်းသွားလာမှု၊ ဘဏ္ဍာရေးဆိုင်ရာနှင့်စီးပွားရေးဆိုင်ရာအကြပ်အတည်းပြဿနာများအကြားတွင် ကျွန်ုပ်တို့သည် ဘာမျှမတတ်စွမ်းနိုင်သည့်အလားခံစားရသည်။

သို့သော်လည်း သခင်ယေရှု၏ကြွေးကြော်ချက်က ထိုနေရာမျိုးအတွက်ဖြစ်သည်။ ယင်းက ကိုယ်တော်ရှင်သည် မကောင်းမှုတို့ကို အောင်နိုင်ပြီး လောကသစ်ကို တည်ထောင်ကြောင်းကို ယခုပင်လျှင် ယုံကြည်ခြင်းရှိဖို့ ကျွန်ုပ်တို့အား ဖိတ်ခေါ်ပါသည်။

လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်က မတ်လတွင် ကယားရာလူးဘစ်သည် သူ၏စိတ်ကူးအိပ်မက်ကို လက်လွှဲပေးအပ်ခဲ့ခြင်းနှင့်အတူ ထောင်ပေါင်းများစွာသောလူငယ်တို့အား စကားပြောကြားခဲ့ပါသည်။ သူပြောကြားခဲ့သည်မှာ– မိသားတစ်စုချင်းနီးပါးသည်ပင်လျှင် တစ်နိုင်ငံတည်းနှင့်သက်ဆိုင်သူအဖြစ် ကမ္ဘာကြီးအား ပို၍ကောင်းသောအရပ်ဖြစ်အောင်လုပ်နိုင်သည်။ ယခုတွင်မူ စိတ်ကူးယဉ်ဆန်နေပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ စိတ်ကူးအိပ်မက်ကို လက်တွေ့အကောင်အထည်ပေါ်လာစေရန် ကယားရာက လူငယ်ထုအား အပြန်အလှန်တုန့်ပြန်မေတ္တာထားကြဖို့ ဖိတ်ခေါ်ခဲ့ပြီး ထိုသို့ပြုခြင်းအားဖြင့် ခရစ်တော်ကို သင်တို့အလယ်တွင် ရရှိကာ အလုံးစုံကိုတတ်နိုင်တော်မူသော ခရစ်တော်ရှင်ထံတော်မှ အရာရာကို သင်တို့အနေဖြင့် မျှော်လင့်နိုင်မှာ အမှန်ပင်ဖြစ်သည်။

မှန်ပါသည်။ ကိုယ်တော်ရှင်သည် ဘုရားသခင်၏နိုင်ငံတော်ပင်ဖြစ်သည်။

သို့ဖြစ်လျှင် ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း။ ကျွန်ုပ်တို့အချင်းချင်းအလယ်တွင် ထိုသို့သောနည်းလမ်းဖြင့် ကျင့်ကြံနေထိုင်သွားကြရပါမည်။ ကယားရာကဆက်လက်ပြောကြားခဲ့သည်မှာ

ဘုရားရှင်ကိုယ်တော်တိုင်က သင်တို့၏နိုင်ငံများတွင် သင်တို့နှင့်အတူ လုပ်ဆောင်ပေးလိမ့်မည်၊ အကြောင်းမှာ သင်တို့၏အပြန်အလှန်ထားရှိသောတုန့်ပြန်မေတ္တာအားဖြင့်လည်းကောင်း၊ သင်တို့၏တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်ရှင်သည် သင်တို့နှင့်အတူရှိနေပေးမည်ဖြစ်သောကြောင့်တည်း။

ထို့နောက် ကိုယ်တော်ရှင်သည်က ဤအမှုအရာသည် ပြီးစီးပြီဖြစ်ကြောင်း သင်တို့အား သိမြင်စေလိမ့်မည်။ သူသည် သင်တို့အားလမ်းပြပို့ဆောင်လိမ့်မည်၊ စဉ်ဆက်မပြတ်လှုပ်ရှားနေစေလိမ့်မည်၊ ကိုယ်တော်ရှင်သည် သင်တို့အဖို့ခွန်အား၊ နှစ်သက်ရာနှင့် ဝမ်းမြောက်ခြင်းဖြစ်ပေလိမ့်မည်။

ကိုယ်တော်ရှင်ကြောင့် သင့်ပတ်ဝန်းကျင်လောကတစ်ခုလုံးသည် သဟဇာတရှိစွာအတူတကွနေထိုင်ကြခြင်းအဖြစ်သို့ ပြောင်းလဲသွားကြလိမ့်မည်။ ကွဲပြားမှုအသီးသီးတို့သည်လည်း ကုစားသွားပေလိမ့်မည်။

ထို့ကြောင့် သင်တို့အကြား၊ ကမ္ဘာအနှံ့လူတစ်ဦးချင်းစီအကြား၊ အစုအဖွဲ့များအကြား၊ တိုင်းနိုင်ငံများအကြားဝယ်ထားရှိသောချစ်ခြင်းမေတ္တာစသည်ဖြင့် ဖြစ်နိုင်ခြေနည်းမျိုးစုံနှင့်ပျိုးကြဲလိုက်သော ချစ်ခြင်းမေတ္တာကြောင့် ကျွန်ုပ်တို့ယခင်ကပြောခဲ့သည့်အတိုင်း ချစ်ခြင်းမေတ္တာတိုးဝင်နေရာယူခြင်းက အမှန်တကယ် ဖြစ်လာပေမည်၊ သင်၏ပူးပေါင်းပါဝင်မှုကလည်း ကျွန်ုပ်တို့အားလုံးမျှော်လင့်တောင့်တလျက်ရှိသော ချစ်ခြင်းမေတ္တာလူ့ဘောင်ယဉ်ကျေးမှုကြီးကိုအခိုင်အမာအစပြုနိုင်ပါလိမ့်မည်။

ဤအမှုအရာအတွက် သင်တို့သည်လည်း ခေါ်ဖိတ်ခြင်းခံရပြီး ကြီးမြတ်လှသောအရာတို့ကို သင်တို့တွေ့မြင်ရပါလိမ့်မည်။

*Fabio Ciardi*